

# ၂၀၁၉

# နှစ်ပတ်လည် အစီရင်ခံစာ

TBC The Border Consortium 35 years

**THE BORDER CONSORTIUM**

# အစီရင်ခံစာ အကျဉ်းချုပ်

ယခုအစီရင်ခံစာသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကာလကို လွှမ်းခြုံပြီး၊ အဖွဲ့အစည်း၏ ၂၀၁၇–၂၀၁၉ ထိုင်းနှင့် မြန်မာ အစီအစဉ်၏ မဟာဗျူဟာ လမ်းညွှန်ချက်များအပေါ် အခြေပြု၍ TBC အဖွဲ့၏ တိုးတက်မှုများကို ဖော်ပြထားပါ သည်။ TBC အဖွဲ့၏ အစီအစဉ်များသည် ယောကျ်ား၊ အမျိုးသမီးနှင့် ကလေးငယ် ဦးရေ ၁၃၅,၀၀၀ ကျော်သို့ ပျံ့နှံ့အကျိုး ခံစားခွင့်ရှိပြီး၊ ခန့်မှန်း ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်း ၉–ခုအတွင်း နေထိုင်ကြသူ ၈၅,၀၀၀ ဦးနှင့် မြန်မာနိုင်ငံ အရှေ့တောင် ပိုင်းဒေသ မြို့နယ် ၁၄ ခုတွင် နေထိုင်ကြသူ ၅၀,၀၀၀ ဦးကျော်တို့ ပါဝင်ပါသည်။ ၂၀၁၉ ခုနှစ်သည် မြန်မာနိုင်ငံမှ ရွှေ့ပြောင်း ထွက်ပြေးလာကြရ သူများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်မှာ ၃၅ နှစ် ပြည့်မြောက်သော နှစ်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အစိုးရ၏ အရပ်ဘက်နှင့် စစ်ဘက်ဆက်ဆံရေးမှာ ၂၀၁၉ ခုနှစ်အတွင်း ယိုယွင်းကျဆင်းလာနေသည်။ ဤ အချိန်သည် ၂၀၂၀ ပြည့်နှစ်ကုန်တွင် ကျင်းပမည့် ရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးမှုများ မတိုင်မီ အကြိုကာလ လည်း ဖြစ်သည်။ တရားဝင် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများလည်း စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ကို အချိန် အကန့်အသတ်မရှိ ဆိုင်းငံ့ထားရချိန်မှစ၍ ရပ်ဆိုင်းနေသည်။ ရခိုင်ပြည်နယ်နှင့် မြောက်ပိုင်းရှမ်းပြည်နယ်တွင် မြန်မာ့ တပ်မတော်နှင့် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် (NCA) စာချုပ်ကို လက်မှတ်ရေးထိုး ထားခြင်း မရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) များအကြား လက်နက်ကိုင်တိုက်ပွဲများ မြင့်မားလာနေ သည်။ မြန်မာနိုင်ငံ အရှေ့ တောင်ပိုင်းဒေသတွင် တပ်မတော် စစ်အင်အားတိုးချဲ့လာခြင်း၊ လမ်းဖောက်လုပ်ခြင်းကြောင့် ကရင်ပြည်နယ် မြောက်ပိုင်း နှင့် တင်းမာမှု ပြင်းထန်လာသည်။ ဘုရားသုံးဆူဒေသတွင် တိုက်ပွဲများကြောင့် ကျေးရွာလူထု များ ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးခဲ့ ကြရရာ ဒုက္ခသည်များအိမ်ပြန်နိုင်မည်ဟု အလားအလာရှိသည့်နေရာများတွင် မလုံခြုံမှုများ မြင့်မားလာနေသည်။

ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ အခြေအနေသည် နှိုင်းယှဉ်ချက်အရ တည်ငြိမ်နေသည်။ မတ်လတွင် ကာလကြာရှည် စောင့် ဆိုင်းခဲ့ကြရသော ရွေးကောက်ပွဲများကျင်းပခဲ့ပြီး၊ စစ်တပ်ကိုလိုလားသော နိုင်ငံရေးပါတီက ထိုင်းနိုင်ငံအစိုးရသစ်ကို ဖွဲ့စည်းနိုင်ခဲ့သည်။ သို့သော် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှုမရှိခြင်းများနှင့် များစွာသော လွဲမှားမှုများ ရှိခဲ့ သည်။ တော်ဝင် ထိုင်းအစိုးရက ခိုလှုံလာသူများ၊ ဒုက္ခသည်များ၊ ထိုင်းနိုင်ငံအတွင်းရှိ နိုင်ငံမဲ့များ၊ နေရာပြောင်းရွှေ့ ထွက် ပြေးလာသူများနှင့် ပတ်သက်၍ နှစ်နိုင်ငံချင်းနှင့် နိုင်ငံစုံအဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများ စတင်ခဲ့သည်။ နိုင်ငံတွင်းရှိ ရွှေ့ ပြောင်းလုပ်သား အင်အားစုကို စနစ်တကျ စီးဆင်းနိုင်ရန်နှင့် ပုံမှန်ဖြစ်စေရန် ဆန္ဒရှိနေသည်။ ယင်းတွင် အနာဂတ်၌ ဒုက္ခ သည်များက ရွှေ့ပြောင်းလုပ်သား ဖြစ်နိုင်ခြေ အလားအလာများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ဒီဇင်ဘာလကုန်တွင် စခန်းများ၌ ဒုက္ခသည်၈၁,၂၇၄ ဦး ကျန်ရှိနေဆဲဖြစ်သည်။ ယခုနှစ်အတွင်း၂,၅၇၅ ဦး မြန်မာနိုင်ငံသို့ ပြန်ခဲ့ကြသည်။၂,၉၉၉ ဦးက နိုင်ငံခြားသို့ ပြောင်းရွှေ့အခြေချရန် ထွက်ခွာသွားကြသည်။ ခန့်မှန်း ၁,၅၅၅ ဦးက စခန်းမှ ထွက်ခွာ၍ ထိုင်းနိုင်ငံအတွင်းသို့ အခြားရွေးချယ်မှုအဖြစ် ပြောင်းရွှေ့သွားသည်။ ယခုနှစ်တွင် ကလေး၁,၈၂၈ ဦး စခန်းများ အတွင်း မွေးဖွားခဲ့ကြသည်။

ငွေသားအခြေပြုသည့် စားနပ်ရိက္ခာကဒ်စနစ် (FCS) ကို စခန်းများအတွင်း အပြည့်အဝ ကျင့်သုံးနိုင်မှုကြောင့် စားနပ်ရိက္ခာ ထောက်ပံ့မှုကို တိုးတက်စေသည်။ ဒုက္ခသည်များအတွက် ရွေးချယ်နိုင်ခွင့် ပိုများလာပြီး၊ ဂုဏ်သိက္ခာလည်း ရှိစေသည်။ နှစ်နှစ် တစ်ကြိမ်ဆောင်ရွက်သည့် အာဟာရ ရရှိမှုဆိုင်ရာ စစ်တမ်းကောက်ယူမှု ကနဦးရလဒ်များအရ ကျေနပ်အားရ ဖွယ်ပင် ဖြစ်သည်။ အရပ်ပုညှက်ခြင်းမှာ ၆ % နောက်ထပ်လျော့နည်း ကျဆင်းလာပြီး၊ ပိန်လှီခြင်းမှာ ၂.၂% အဖြစ် နည်းပါး နေဆဲ ဖြစ်သည်။ မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာ လုံခြုံမှု ဆောင်ရွက်ချက်များအရ ပဋိပက္ခစစ်ဘေးဒဏ်သင့်ရသည့် ရပ်ရွာ လူထုများတွင် ကြံ့ကြံ့ခံ နိုင်စွမ်း မြင့်မားလာသည်။ TBC အဖွဲ့က ကာကွယ်မှုပေးရေးဆိုင်ရာ အခြေခံမှုများကို မြှင့်တင်ပေး ပြီး၊ စခန်းများအတွင်း မီးဘေး၊ ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကြောင့် ဖြစ်ရသော အရေးပေါ်အခြေအနေများအတွက် ဒေသ ခံ မိတ်ဖက်အဖွဲ့အစည်းများသို့ လူသားချင်းဆိုင်ရာ စာနာမှု အကူအညီများ ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံတွင်း၌ ပဋိပက္ခ ကြောင့်နှင့် ရေလွှမ်းမိုးမှုကြောင့် နေရာ ရွှေ့ပြောင်းရသူများသို့လည်း ကူညီပေးခဲ့သည်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံရှိ စခန်း ကော်မီတီများ (CCs) နှင့် ဒေသခံ အရပ်ဘက် အဖွဲ့အစည်းများ/ ရပ်ရွာ မိတ်ဖက်အဖွဲ့အစည်းများသို့လည်း ကောင်းမွန် သည့်အုပ်ချုပ်မှုစနစ်ဖြစ်စေရေး၊ အဖွဲ့အစည်းစနစ် ဆိုင်ရာ ဖွံ့ဖြိုးမှုများအတွက် စွမ်းဆောင်နိုင်ရည်များ တိုးတက်ဖွံ့ဖြိုး စေခဲ့သည်။ ဤလှုပ်ရှားမှုများ၏ ရည်ရွယ်ချက်မှာ စခန်းပြင် ပတွင် အနာဂတ်ကာလ ဒုက္ခသည်များ၏ ဘဝအတွက်မျှသာ မဟုတ်ဘဲ၊ မြန်မာနိုင်ငံရှိ ပဋိပက္ခဒဏ်သင့်ရသည့် ရပ်ရွာလူမှု အသိုင်းအဝိုင်းများအတွက်ပါ ဖြစ်သည်။

၂၀၁၉ ခုနှစ်အတွက် အသုံးစရိတ်များမှာ ထိုင်းဘတ် ၅၁၀ သန်း (USD ၁၆ သန်း) ဖြစ်သည်။ ဘတ်ဂျက်လျာထားမှုမှာ ထိုင်းဘတ် ၅၄၅ သန်း (USD ၁၇ သန်း) ဖြစ်ရာ အထွေထွေသော အသုံးစရိတ်ဖြတ်တောက် လျှော့ချမှုများနှင့် လူသုံးကုန် ပစ္စည်းများ ခန့်မှန်း သည်ထက် ဈေးချိုရရှိခြင်းကို ထင်ဟပ်နေသည်။ TBC အဖွဲ့၏ လုပ်ငန်းလည်ပတ်ကုန်ကျမှုမှာ ၂၀၂၀ ခုနှစ်အတွက် ထိုင်းဘတ် ၅၁၉ သန်း (USD ၁၆.၂ သန်း) ရှိမည်။


WELCOME




# အခန်း- ၁

# နောက်ဆုံးအခြေအနေ တင်ပြချက်

၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ကရင့်တော်လှန်ရေးနှစ် ၇၀ အခမ်းအနားသို့ ကရင်လူထုများ စုဝေးခဲ့ကြသည်။
Photo credit: TBC

# မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် အစိုးရ၏ အရပ်ဘက်နှင့် စစ်ဘက်ဆက်ဆံရေးမှာ ၂၀၁၉ ခုနှစ်အတွင်း ယိုယွင်းကျဆင်းလာနေသည်။ ဤအချိန်သည် ၂၀၂၀ ပြည့်နှစ်ကုန်တွင် ကျင်းပမည့် ရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးမှုများ မတိုင်မီ အကြိုကာလလည်း ဖြစ်သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့ (တပ်မတော်) တို့က ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးကို သီးခြားစီ ဆောင်ရွက်နေကြရာ အပြောင်းအလဲမရှိသည့် ရလဒ်သာ ထွက်ပေါ်ခဲ့သည်။ တရုတ်နိုင်ငံ၏ ခါးပတ်တကွင်းနှင့် လမ်းတစင်း စီမံ ကိန်းကြီး (BRI) အပေါ် ထင်မြင်ချက်များမှာ NLD က စီးပွားရေးအကျိုးစီးပွားကို ဦးစားပေးနေပြီး၊ တပ်မတော်က အချုပ်အခြာအာဏာ ကိစ္စ စိုးရိမ်ပူပန်မှုရှိနေရာ ကွဲလွဲနေကြပုံ ရှိသည်။

တရားဝင် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများလည်း စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို အချိန်အကန့် အသတ်မရှိ ဆိုင်းငံ့ထားရချိန်မှစ၍ ရပ်ဆိုင်းနေသည်။ အမှန်တွင် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် လက်နက်ကိုင် ပဋိပက္ခ အရှိန်မြင့်မားလာသည်။ မြန်မာ့တပ် မတော်နှင့် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် (NCA) စာချုပ်ကို လက်မှတ်ရေးထိုးထားခြင်း မရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) များအကြား တိုက်ခိုက် နေကြခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် တပ်မတော် စစ်အင်အားတိုးချဲ့လာခြင်း၊ လမ်းဖောက်လုပ်ခြင်းကြောင့် ကျောက်ကြီးနှင့် ဖာပွန်မြို့နယ်များတွင် တင်းမာမှု ပြင်းထန်လာပြီး မလုံခြုံမှုကြောင့် လူ ၅,၀၀၀ ကျော်သည် ကရင် အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်ရာဒေသသို့ ထွက်ပြေးလာကြသည်။ တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF) ပူးတွဲတပ်ဖွဲ့များသည် မွန်ပြည်သစ်ပါတီ တပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဘုရားသုံးဆူဒေသတွင် လူ ၁,၀၀၀ ခန့် အိုးအိမ်စွန့်ပစ်ထွက်ပြေးခဲ့ရသည်။

NCA သဘောတူညီချက် အပိုဒ် ၂၅ (ပဋိပက္ခကြောင့် သက်ရောက်မှုရှိသော ဒေသများတွင် လူမှု-စီးပွားရေး ဖွံ့ဖြိုးမှု) အပေါ် ကွဲလွဲသော အဓိပ္ပါယ်ဖွင့်ဆိုချက်များကြောင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) များအကြား ပူးပေါင်း ဆောင်ရွက်ရေး၌ ဆက်လက်၍ စိတ်ပျက်ဖွယ် ဖြစ်နေသည်။ အပစ်ရပ်ကြားကာလ အစီအစဉ်ကို အကောင်အထည်ဖော်ရန် ယင်းမတိုင်မီ အပစ်ရပ်နယ်မြေဧရိယာ သတ်မှတ်ရန် လိုအပ်သည်ဟု တပ်မတော်ဖက်က တင်းခံနေသည်။ KNU နှင့် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ယုံကြည်မှုတည်ဆောက်ရေး နှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အတွေ့အကြုံ ရရှိစေရန် ကိစ္စတခုချင်းအလိုက် ချည်းကပ်ပုံမျိုး စဉ်းစားရန် အဆိုပြုထားသည်။ NCA သဘောတူညီချက် လက်မှတ်ရေးထိုး ထားသည့် အဖွဲ့များသည် နိုင်ငံတကာ အဖွဲ့အစည်းများထံသို့ ရန်ပုံငွေအဆိုပြုလွှာ တင်ပြရာ၌ မြန်မာနိုင်ငံ အမျိုးသား ပြန်လည် သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်ဟု ညွှန်ကြားလာသောကြောင့် တင်းမာမှုများ



မြန်မာနှင့် KNU သစ်တောဌာနနှီးနှောဖလှယ်ပွဲ- TRIPNET အဖွဲ့က ၂၀၁၉ ဩဂုတ်တွင် စီစဉ်သည်။
Photo credit: TBC

ဖြစ်ပေါ်ခဲ့သည်။ မတရားအသင်းဥပဒေနှင့် သက်ဆိုင်၍ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို အမည်မဲစရင်းမှ ပယ်ဖျက်ပေးခဲ့ပြီဖြစ်ရာ ယခုအမိန့်စာ၏ ဥပဒေကြောင်းအရ တရားဝင်မှုမှာ အငြင်းပွားဖွယ်ဖြစ်သည်။

ရိုဟင်ဂျာအသိုက်အဝန်းအပေါ် အကျယ်အပြန့်နှင့် စနစ်တကျကျူးလွန်ခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုစွပ်စွဲချက်များ အပေါ် စုံစမ်းစစ်ဆေးရန် ကြိုးပမ်းမှုများ တိုးတက်မှုရှိခဲ့ပြီး၊ တာဝန်ခံတာဝန်ယူမှု ဖြစ်စေရေးသို့ ဖြစ်စေခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု ခုံရုံးက လူသားမျိုးနွယ်တရပ်လုံးအပေါ် ကျူးလွန်ချိုးဖောက်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမည်ဟု ကြေညာခဲ့ပြီး၊ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) က မြန်မာနိုင်ငံအပေါ် ကြားနာမှုပြုခဲ့ပြီး ရိုဟင်ဂျာ လူထုများကို ကာကွယ်မှု ပေးနိုင်ရန် ကြားကာလအစီအစဉ်များကို ဆုံးဖြတ်ချမှတ်ခဲ့သည်။ မြန်မာအစိုးရက ခန့်အပ်သည့် လွတ်လပ်သော စုံစမ်းစစ်ဆေး ရေး ကော်မရှင် (ICOE) က နောက်ပိုင်းတွင် နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့များက အမှန်တကယ် စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း အသိအမှတ်ပြု ဖော်ပြခဲ့သည်။ ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့် ICOE အပေါ် ယုံကြည်ကိုးစားမှု ကျဆင်းစေခဲ့သည်။ တပ်မတော် တပ်ဖွဲ့များက ဆယ်စုနှစ်များစွာ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုများကို အရေးယူခံရခြင်း မရှိဘဲ ကင်းလွတ်နေစေခွင့်ကို အဆုံးသတ်စေရန် ယခု တွေ့ရှိချက်များက သမိုင်းဝင်အချက်များပင် ဖြစ်သည်။

# ထိုင်းနိုင်ငံ

ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ အခြေအနေသည် နိုင်ငံရေးအရ တည်ငြိမ်နေသည်။ ၂၀၁၉ ခုနှစ်၊ မတ်လတွင် ကာလကြာရှည် စောင့်ဆိုင်းခဲ့ကြရသော ရွေးကောက်ပွဲများ ကျင်းပခဲ့ပြီး၊ စစ်တပ်ကိုလိုလားသော နိုင်ငံရေးပါတီက ထိုင်းနိုင်ငံအစိုးရသစ်ကို ၂၀၁၉ ခုနှစ်၊ မေလတွင် ကျင်းပသည့် ထိုင်းဘုရင်အသစ် H.M. မဟာဗာဂျီရာလောင်ကွန် ဖရ ဗာဂျီရာ ကလောက်ကျောက်ယူဟွာ နန်းတက်ပွဲ အပြီး တွင် ဖွဲ့စည်းနိုင်ခဲ့သည်။ လွတ်လပ်စွာ ဖော်ပြပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်ကို ကန့်သတ်ချုပ်ချယ်ခြင်းများ ဆက်လက်ရှိနေ သည်။ မီဒီယာ၊ လူထုအစည်းအဝေးပွဲများကိုလည်း ကျယ်ပြန့်စွာ တင်းကျပ်စိစစ် ချုပ်ချယ်ထားသည် ကို လေ့လာတွေ့ရှိရသည်။

မြန်မာ–ထိုင်း နှစ်နိုင်ငံပူးတွဲအလုပ်အဖွဲ့ တတိယအကြိမ် အစည်းအဝေးကို ချင်းရိုင်မြို့တွင် ကျင်းပခဲ့ပြီး၊ ယင်းတွင် အိမ်ပြန်လာကြသည့် ဒုက္ခသည်များအတွက် မိမိဘာသာ ဖူလုံစေရေး စီးပွားစနစ်ဆိုင်ရာ သဘောတရား လေ့လာမည့် စင်တာများ၊ ရပ်ရွာဖွံ့ဖြိုးရေး စီမံချက်များအကြောင်းကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။


ထိုင်းအစိုးရ၏ ပြည်ထဲရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိများက စခန်းများသို့ အကြိမ်ကြိမ်လာရောက်လေ့လာ၍ မြန်မာနယ်စပ်အာဏာပိုင်များနှင့် ဆွေးနွေးခဲ့ကြသည်။ အိမ်ပြန်လာသူများအတွက် ယာယီနယ်စပ်ဖြတ်ကျော်ရေးစခန်းများ ဖွင့်ပေးနိုင်ရန် ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။ မြန်မာ–ထိုင်းချစ်ကြည်ရေး နယ်စပ်ဖြတ်ကျော် ဒုတိယတံတားအသစ် ဖွင့်နိုင်ခြင်းနှင့်အတူ နှစ်နိုင်ငံ အကြား ဆက်သွယ်မှု ပိုမိုအားကောင်းလာစေသည်။ နယ်စပ်ဖြတ်ကျော်၍ လူအများ စနစ်တကျနှင့် ထိရောက်မြန်ဆန်စွာ ကူးလူး သွားလာနိုင်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ထိုင်းအစိုးရ ကက်ဘိနက်အဖွဲ့က စီးပွားရေးအရ ရွှေ့ပြောင်းအခြေချလာသူနှင့် နိုင်ငံတကာ၏ ကာကွယ်မှုပေးရန် လိုအပ်သူတို့အကြား စိစစ်နိုင်ရန် ယန္တယားစနစ် (screening mechanism)[1] ကို အတည်ပြုခဲ့သည်။ ယင်းစိစစ်မှု လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန် ထိုင်းအစိုးရက ၎င်းတို့၏ အရာရှိများကို အရည်အချင်းနှင့် ကျွမ်းကျင်မှုပြည့်ဆည်း သင်တန်းပေးရန်ကိုလည်း ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ တွင် UNHCR က ကျင်းပခဲ့သည့် ပထမဦးဆုံး ကမ္ဘာလုံးဆိုင်ရာ ဒုက္ခသည်ဖိုရမ် အခမ်းအနားတွင် ကတိပြုထားခဲ့သည်။

လူသားချင်းဆိုင်ရာ ထောက်ပံ့ကူညီသည့် ရန်ပုံငွေများ ကျဆင်းလာမှုနှင့်အတူ တရားဝင် အိမ်ပြန်ကြသူ နိုင်ငံရေးအရ နည်းပါးသောကြောင့် အရေးပါသည့်အင်အားစုများအကြား နည်းလမ်းများ ကြံဆရှာဖွေရန် ဆွေးနွေးမှုများ ရှိလာသည်။ ယင်းတို့မှာ အိမ်ပြန် ရေး၊ ပြန်လည်ပေါင်းစည်းရေး နှင့်/ သို့မဟုတ် ထိုင်းနိုင်ငံအတွင်း ဒေသအခြေပြု အဖြေများရှာဖွေခြင်း၊ ရေရှည်ကြာမြင့်နေသော အခြေအနေကို သော့ချက်တွေ့စေရေးတို့ ဖြစ်သည်။ အဖြေများမှာ လက်ရှိတွင် ခက်ခဲလွန်းနေသော နိုင်ငံသားစိစစ်ရေးနှင့် မှတ်တမ်းတင်ရေး လုပ်ငန်းစဉ်များအပေါ်တွင် တည်မှီနေသည်။ ထိုင်းအစိုးရနှင့် တွေ့ဆုံရာတွင် ဖော်ပြချက်များအရ ယင်းတို့က နိုင်ငံသားမှတ်ပုံတင်ရေး လုပ်ငန်းစဉ် မြန်ဆန်စေရန် ထောက်ခံပြီး၊ ထိုအခါ အိမ်ကိုစွန့်ခွာ ထွက်ပြေးခဲ့ကြရသူများ ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းလုပ်သား အဖြစ် တရားဝင် အလုပ်လာပြန်လုပ်နိုင်မည် ဖြစ်သည်။ ယင်းမှာ ဒုက္ခသည်များက မြန်မာနိုင်ငံသို့ ပြန်လိုကြသည့် ကာလအထိ အသွင်ပြောင်း ကြားခံအဆင့်တခု ဖြစ်သည်။

1 https://reliefweb.int/report/thailand/unhcr-welcomes-thai-cabinet-approval-national-screening-mechanism

# ဒုက္ခသည်စခန်းတွင်း လူဦးရေများ – ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ




| ယာယီ စခန်း | TBC မှ စစ်ဆေး အတည်ပြုသည့် လူဦးရေ[၁] | | | TBC မှ ကူညီထောက်ပံ့သည့် လူဦးရေ[၂] | MOI/UNHCR မှတ်တမ်းတင် လူဦးရေ[၃] |
|---|---|---|---|---|---|
| ခရိုင်/စခန်း | မ | ကျား | စုစုပေါင်း | စုစုပေါင်း | စုစုပေါင်း |
| **မယ်ဟောင်ဆောင်** | | | | | |
| ဘန်မိုင်နန်းဆွယ် | ၃၉၃၀ | ၃၉၇၂ | ၇၉၀၃ | ၇၅၃၅ | ၈၃၅၆ |
| ဘန်မယ်ဆူရင်း | ၉၇၇ | ၉၉၃ | ၁၉၇၀ | ၁၈၉၆ | ၁၉၉၃ |
| မယ်လအွန်း | ၄၂၁၅ | ၄၀၈၈ | ၈၃၀၃ | ၈၀၃၉ | ၉၁၉၀ |
| မယ်ရမလုန် | ၄၅၃၀ | ၄၃၇၄ | ၈၉၀၄ | ၈၅၅၅ | ၁၀၂၀၈ |
| စုစုပေါင်း | ၁၃၆၅၃ | ၁၃၄၂၇ | ၂၇၀၈၀ | ၂၆၀၂၅ | ၂၉၇၄၇ |
| **တာ့ခ်** | | | | | |
| မယ်လ | ၁၅၈၈၉ | ၁၄၈၂၇ | ၃၀၇၂၆ | ၂၉၇၉၇ | ၃၄၇၁၈ |
| အုန်းပြန့်မိုင် | ၄၄၀၅ | ၄၂၈၃ | ၈၆၈၈ | ၈၄၄၉ | ၁၀၈၅၅ |
| နိုဖိုး | ၃၉၅၀ | ၃၆၀၀ | ၇၅၅၀ | ၇၃၉၃ | ၉၅၆၆၂ |
| စုစုပေါင်း | ၂၄၂၅၄ | ၂၂၇၁၀ | ၄၆၉၆၄ | ၄၅၆၃၉ | ၅၅၂၃၅ |
| **ကန်ချနပူရီ** | | | | | |
| ဘန်နဲ့ဒုံယန်း | ၁၁၁၂ | ၁၀၄၇ | ၂၁၅၉ | ၂၁၃၂ | ၂၅၁၁ |
| **ရချပူရီ** | | | | | |
| ထန်(မ်)ဟင် | ၂၇၀၄ | ၂၃၆၇ | ၅၀၇၁ | ၄၉၄၆ | ၅၈၄၀ |
| ဒုက္ခသည် စုစုပေါင်း | ၄၁၇၂၃ | ၃၉၅၅၁၀၄ | ၈၁၂၇၄ | ၇၈၇၄၂ | ၉၃၃၃၃ |

### တိုင်းရင်းသားအလိုက် ဒုက္ခသည်ဦးရေ

| | |
|---|---|
| ကရင် | ၈၀.၆% |
| ကရင်နီ | ၉.၆% |
| ဗမာ | ၃.၂% |
| မွန် | ၀.၆% |
| အခြား | ၆.၀% |

### အသက်အရွယ်အလိုက် ဒုက္ခသည်ဦးရေ

| | |
|---|---|
| မွေးကင်းစ < ၆ လ | ၀.၈% |
| ၆ လ < ၅ နှစ် | ၁၁% |
| ၅ နှစ် < ၁၈ နှစ် | ၃၃.၇% |
| ၁၈ နှစ်နှင့် အထက် | ၅၄.၅ဏ |




**မှတ်ချက်။**

၁။ TBC မှ စစ်ဆေးအတည်ပြုသည့် လူဦးရေသည် ရိက္ခာရယူနိုင်သူ၊ စခန်းတွင်းနေထိုင်သူ၊ မှတ်ပုံတင်ထားခြင်းရှိသူ သို့မဟုတ် မရှိသူများ အားလုံး ပါဝင်သည်။

၂။ TBC မှ ကူညီထောက်ပံ့သည့် လူဦးရေသည် အရင်လအတွင်း ရိက္ခာလာရောက်ထုတ်ယူသည့် အကျိုးခံစားရသူများ၏ ဦးရေ ဖြစ်သည်။ ရိက္ခာများ ဝေငှရာတွင် ကိုယ်တိုင် ရောက်ရှိလာသည့် သူများကိုသာ ရိက္ခာဝေပေးသည်။

၃။ တော်ဝင်ထိုင်းအစိုးရနှင့် UNHCR တို့မှ စခန်းတွင်း မှတ်ပုံတင်ရှိသူနှင့် မှတ်ပုံတင်မရှိသည့်သူ ဒုက္ခသည်များ စစ်ဆေးခြင်း လေ့ကျင့်ခန်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဖေပြီလအတွင်း ဆောင်ရွက်ခဲ့ပြီး လစဉ် ပြောင်းလဲမှုများကို မှတ်တမ်းတင်လာခဲ့သည်။

# ဒုက္ခသည်များ

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် စခန်းများ၌ ဒုက္ခသည် ၈၁,၂၇၄ ဦး (အမျိုးသမီး ၅၁%)[2] သည် ယာယီဒုက္ခသည်စခန်း ၉-ခု တွင် ခိုလှုံကျန်ရှိနေဆဲဖြစ်သည်။ ယခုနှစ်အတွင်း စုစုပေါင်း ၆.၅% လျော့ကျသွားသည်။ ၂၀၁၉ ခုနှစ်အတွင်း ခန့်မှန်း ၁,၇၀၀ ဦး[3] က မိမိဆန္ဒအလျောက် မြန်မာနိုင်ငံသို့ ပြန်ခဲ့ကြသည်။ ယင်းတွင် ကုလ ဒုက္ခသည်မဟာမင်းကြီးရုံး (UNHCR) က ပံ့ပိုးသည့် မိမိ ဆန္ဒအလျောက် အိမ်ပြန်သည့်အစီအစဉ်ဖြင့် ပြန်သူ ၈၇၅ ဦး ပါဝင်သည်။ ၂,၉၉၉ ဦး က နိုင်ငံခြားသို့ ပြောင်းရွှေ့အခြေချရန် ထွက်ခွာသွားကြသည်။ အခြား ခန့်မှန်း ၁,၅၅၅ ဦးက စခန်းမှထွက်ခွာ၍ ထိုင်းနိုင်ငံအတွင်းသို့ အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေရန် ထွက်သွားကြသည်။ ယခုနှစ်တွင် ကလေး၁,၈၂၈ ဦး စခန်းများအတွင်း မွေးဖွားခဲ့ကြသည်။

အိမ်ပြန်ရေးအတွက် အဓိကကျသည့် နည်းလမ်းမှာ UNHCR က စီစဉ်ဆောင်ရွက်သည့် မိမိဆန္ဒအလျောက် အိမ်ပြန်ရေး လုပ် ငန်းစဉ်ဖြစ်သည်။ ယင်းတွင် လူတဦးချင်းက စခန်းများအတွင်း မြန်မာအစိုးရ၏ ကိုယ်စားလှယ်က ကနဦးနိုင်ငံသားစိစစ်မှု ခံယူ ရသည်။ အသေးစိတ်ကို နောက်ပိုင်းတွင် နေပြည်တော်ရှိ သမ္မတရုံးသို့ တင်ပြ၍ နိုင်ငံသားဖြစ်ခွင့် ရရှိရန်သေချာကြောင်း အတည်ပြုချက် ရယူရသည်။ အကယ်၍ အတည်ပြုပါက ယာယီခရီးသွားလက်မှတ်ကို ထုတ်ပေး၍ တရားဝင် ပံ့ပိုးကူညီမှုရှိသည့် မိမိဆန္ဒအလျောက် အိမ်ပြန်ရေး လုပ်ငန်းစဉ်မှတဆင့် အိမ်ပြန်နိုင်သည်။ သို့သော်လည်း အချိန်ဇယား အတိအကျမရှိဘဲ၊ အတည်ပြုချက် ရယူနိုင်ရန် မည်မျှကြာမည်ဖြစ်ကြောင်း ဒုက္ခသည်များက မသိကြပါ။ ဖေဖော်ဝါရီလတွင် ဒုက္ခသည် ၅၆၅ ဦး အိမ်ပြန်ခဲ့ကြပြီး၊ ၃၁၀ ဦးမှာ ဇူလိုင်လတွင် အိမ်ပြန်ခဲ့ကြသည်။ တရားဝင်လုပ်ငန်းစဉ် စတင်ချိန် ၂၀၁၆ ခုနှစ်မှစ၍ အိမ်ပြန်သူ စုစုပေါင်း ၁,၀၃၉ ဦးရှိသည်။ ယင်းကာလတွင် ပံ့ပိုးကူညီမှုမရှိဘဲ အိမ်ပြန်ကြသူ ခန့်မှန်း ၁၂,၅၀၀ ဦး ရှိသည်။ ယခုနှစ်ကုန်တွင် အိမ်ပြန်ရန် အတည်ပြုချက် စောင့်ဆိုင်းနေသူ နောက်ထပ် ၂၀၀ ဦးခန့်ရှိသည်။ UNHCR က အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်း အခြေချမှုအဖွဲ့ (IOM)၊ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) တို့နှင့်အတူ အိမ်ပြန်ကြသူများကို ၆-လစာရိက္ခာထောက်ပံ့ပေးမှု နှင့် ညီမျှသော ငွေသား၊ အစပျိုးရန် ထောက်ပံ့ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးကို ထောက်ပံ့ပေးသည်။ UNHCR က ဆက်လက်၍ တစ်နှစ်စာ ထောက်ပံ့ပေးနိုင်ရန် တိုက်တွန်းစည်းရုံးနေသည်။ သို့သော် မြန်မာအစိုးရက အိမ်ပြန်ကြသူများသို့ ထောက်ပံ့ပေးမှုမှာ စံသတ်မှတ်မှု ရှိမနေပါ။


UNHCR က ဖော်ပြရာတွင် အနာဂတ်အတွက် အဆင်သင့်ဖြစ်မှု နှင့် မြန်မာနိုင်ငံသို့ အိမ်ပြန်ရေး ဆွေးနွေးပြောဆိုမှု ခေါင်းစဉ် နှစ်ခုအကြား ခွဲခြားသင့်သည်ဟု ဆိုသည်။ အိမ်ပြန်ရေးလုပ်ငန်းစဉ်မှ ကနဦးနိုင်ငံသား စိစစ်မှုကို ခွဲထုတ်စေလိုသည်။ ကနဦး နိုင်ငံသားစိစစ်မှု လုပ်ငန်းစဉ်မှာ နိုင်ငံသား အသိအမှတ်ပြုလက်မှတ် ရရှိရေးအတွက် လိုအပ်သည့်အဆင့်တခု ဖြစ်ပြီး၊ အိမ်ပြန် သည်ဖြစ်စေ- မပြန်သည်ဖြစ်စေ ဆောင်ရွက်ရမည် ဖြစ်သည်။ UNHCR က 'အဖြေပေါင်းစုံ မဟာဗျူဟာ' ကို ထိုင်းနှင့် မြန်မာ အစိုးရများသို့ အဆိုပြုပြီး ရေရှည်ကြာမြင့်ပြီဖြစ်သည့် ပြဿနာကို သော့ဖွင့်စေချင်သည်။ ယင်းက ဒုက္ခသည်လူမှု အသိုက်အဝန်းများ၏အမြင်ကို မြင်သာအောင် တိုက်တွန်းပြောဆိုပေးသည်။ ဥရောပသမဂ္ဂ (EU) က မြန်မာဒုက္ခသည်များ လုံခြုံစွာ နှင့် ရေရှည်တည်တံ့သည့် ပြန်လည်အခြေချမှု ဖြစ်နိုင်ချေ လေ့လာမှုတခု ပြုခဲ့သည်။ သို့သော် နောက်ဆုံးသုံးသပ်ချက် မချရသေးပါ။

အိမ်ပြန်ကြသူများ (ပံ့ပိုးမှုဖြင့် ပြန်သူများရော၊ အလိုအလျောက် ပြန်ကြသူများပါ) ၏ တုံ့ပြန်ဖော်ပြမှုအရ သက်မွေးဝမ်းကျောင်း မှုများ မရှိခြင်း၊ အသိအမှတ်ပြုမှု မရနိုင်ခြင်း၊ မြေပိုင်ဆိုင်ခွင့် ရရှိရေး၊ နိုင်ငံသား အသိအမှတ်ပြုကဒ်ပြား ရရှိရေး.. စသည့် ပြဿနာများကို မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် ပြန်လည်ပေါင်းစည်းရေးအတွက် အဓိက အဟန့်အတားများအဖြစ် ထပ်၍ ပြောဆိုနေကြပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် အစိုးရထိန်းချုပ်သည့်ဒေသနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ ထိန်းချုပ်သည့် ဒေသများ ရှိကြသည့်အလျောက် မတူကွဲပြားသည့် အခက်အခဲများရှိနေသည်။ သို့သော် စစ်တပ်တိုးချဲ့ ချထားခြင်း၊ တိုက်ပွဲများ အချို့ဒေသများတွင် ဆက်ဖြစ်နေခြင်းတို့ကြောင့် ဒေသအလိုက် မျိုးစုံနှင့် အသေးစားအဖြေရှာမှုများ လိုအပ်သည်။ သို့အတွက်ကြောင့် အလှူရှင်များကလည်း ပြောင်းလွယ်ပြင်လွယ် ပျော့ပြောင်းစွာ စဉ်းစားပေးရန် လိုအပ်သည်။

2 ၂၀၁၉ ဒီဇင်ဘာလ TBC အဖွဲ့က စိစစ်ထားသော အမှုများ https://www.theborderconsortium.org/media/2019-12-December-map-tbc-unhcr.pdf

3 အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့အခြေချမှုအဖွဲ့ IOM- ထိုင်းနိုင်ငံ၏ ၂၀၁၉ ဒီဇင်ဘာလ ထွက်ခွာမှု စရင်းများ (departure statistics) အရ ဖြစ်သည်။

**စခန်းလူဦးရေ ၂၀၁၆-၂၀၁၉ ဇယားနှင့် ထွက်ခွာသည့် အရေအတွက်**



# အခန်း- ၃

# အစီအစဉ်



လက်မောင်း အထက်လုံးပတ် တိုင်းတာခြင်း (MUAC)
Photo credit: TBC

# ၂၀၁၇-၂၀၁၉
# မဟာဗျူဟာ လမ်းညွှန်ချက်များ

## မဟာဗျူဟာ လမ်းညွှန်ချက်-၁

## အိမ်ပြန်ရေး အစီအစဉ်ရေးဆွဲမှု

### HIGHLIGHTS

#### ထိုင်းနိုင်ငံ

- ခန့်မှန်း ၂,၅၈၀ ဦး (၃%) သည် ယခုနှစ်အတွင်း မြန်မာနိုင်ငံသို့ အိမ်ပြန်ကြသည်။ ယင်းတွင် ကုလ ဒုက္ခသည် မဟာ မင်းကြီးရုံး (UNHCR) က ပံ့ပိုးသည့် မိမိဆန္ဒအလျောက် အိမ်ပြန်သည့်အစီအစဉ်ဖြင့် ပြန်သူ ၈၇၅ ဦး ပါဝင်သည်။
- စခန်းနှင့် အိမ်ပြန်ရေး ကော်မီတီများက 'အိမ်ပြန်၍ လေ့လာစေသည့် အစီအစဉ်' (Go and See Visits) များကို ဦးဆောင်၍ အိမ်ပြန်ရန်ဖြစ်နိုင်ခြေရှိသည့် နေရာ ၂၂ ခုကို သွားရောက်လေ့လာကြသည်။
- ၅၃,၀၀၀ ဦးကျော် (အမျိုးသမီး ၅၂%) က စခန်းသတင်းပြန်ကြားရေး ကော်မီတီ/ သတင်းဖြန့်ချိရေးဌာနများထံမှ အိမ်ပြန်ရေးနှင့် အကျယ်အပြန့်သော စခန်းအုပ်ချုပ်ရေးကိစ္စများနှင့် ပတ်သက်၍ သတင်းများ လာရောက်ရယူခဲ့ ကြသည်။
- စခန်းပြင်ပတွင် အခြားရွေးချယ်စရာ အဖြေများ ရှာဖွေနိုင်ရန် အင်အားစုပေါင်းစုံ ညှိနှိုင်းဆွေးနွေးမှုများ စတင်ခဲ့ကြ သည်။
- အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလူနည်းစုနှင့် ဘာသာကိုးကွယ်မှု လူနည်းစု အုပ်စုများ အပါအဝင်၊ အထူးထိခိုက်နစ်နာနိုင်ဖွယ်ရှိသူ ဒုက္ခသည်များ၏ ၄၆% က အိမ်ပြန်ရေး တိုင်ပင်အကြံရယူမှုများတွင် ပါဝင်ခဲ့ကြ သည်။

#### မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ

- ပြည်တွင်း ပြောင်းရွှေ့ထွက်ပြေးရမှု၊ နယ်စပ်ဖြတ်ကျော် ထွက်ပြေးရမှုနှင့် အိမ်ပြန်မှုများကို နှိုင်းယှဉ်၍လည်း ကောင်း၊ ကာကွယ်မှုပေးရေးနှင့် အဖြေရှာရေးအတွက် အကျိုးဆက်များကို ကွင်းဆင်းသုတေသနပြုသည်။

# မဟာဗျူဟာ လမ်းညွှန်ချက်-၂

## စားနပ်ရိက္ခာ လုံခြုံရေးနှင့် သက်မွေးဝမ်းကျောင်းကိစ္စများ

### HIGHLIGHTS

#### ထိုင်းနိုင်ငံ

- မြေ ၉၆,၀၀၀ စတုရန်းမီတာကို စွန့်လွှတ်ပေးပြီး၊ ရပ်ရွာဥယျာဉ်များ စိုက်ပျိုးနိုင်ရေးအတွက် လွှဲပြောင်းအသုံးပြုစေ ခဲ့သည်။
- သီးခြားလွတ်လပ်သည့် ပြန်လည်စိစစ်မှု ဆောင်ရွက်ခဲ့ရာ စားနပ်ရိက္ခာကဒ်စနစ် (FCS) ကြောင့် အသက်မွေးဝမ်း ကျောင်းမှုအတွက် ထွေပြားသည့် ရွေးချယ်စရာနည်းလမ်းများ ဖြစ်လာစေပြီး၊ စားသောက်ရာတွင် စုံလင်ထွေပြား လာစေသည်၊ စိုက်ပျိုးရေး ထုတ်လုပ်နိုင်စွမ်း တိုးတက်စေသည်ကို သုံးသပ်မှတ်ချက်ပြုခဲ့သည်။
- ဈေးသည် ၁၂၆ ဦး (အမျိုးသမီး ၈၁ ဦး) သည် FCS စနစ်၏ နည်းပညာ ပံ့ပိုးပေးမှုအောက်တွင် ကုန်သွယ်စီးပွားရေး ကျွမ်းကျင်မှုများ တိုးတက်လာသည်။
- အရွယ်ရောက်ပြီးသူ ၁,၀၂၃ ဦး (အမျိုးသမီး ၃၈%) FSN သက်မွေးဝမ်းကျောင်း အစီအစဉ်အောက်တွင် အသစ်သော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာကြသည်။

#### မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ

- ကရင်အမျိုးသား အစည်းအရုံး (KNU) ၏ မြေယာကော်မီတီက မြေအသုံးပြုမှု လက်မှတ် ၇,၅၀၀ ကျော်ကို ထုတ် ပေးခဲ့သည်။ သစ်တောစီမံခန့်ခွဲမှု ကော်မီတီများ ၁၀၀ ကျော်ကို အင်အားကောင်းစေခဲ့သည်။ မိရိုးဖလာမြေပိုင်ဆိုင် မှုစနစ်ကို အသိအမှတ်ပြုပေးခဲ့သည်။
- စိုက်ပျိုးရေး ထုတ်လုပ်နိုင်စွမ်း တိုးတက်စေခဲ့သည်။ သို့မဟုတ် ယခင်စွန့်ပစ်ထားသော မြေများကို လယ်သမား ၂,၉၀၀ ကျော်တို့ ပြန်လည်ရယူ ပိုင်ဆိုင်နိုင်ခဲ့သည်။
- မိခင်၊ မွေးကင်းစကလေးနှင့် ငယ်ရွယ်သော ကလေးများ ကျွေးမွေးရေး အစီအစဉ် (IYCF) ၌ အိမ်ထောင်စု ၃,၄၀၀ ကျော်၏ စားသောက်မှု အမူအကျင့်များကို တိုးတက်စေခဲ့သည်။
- ဒေသတွင်း ရေရရှိမှု၊ မိလ္လာစနစ်ကို အိမ်ထောင်စု ၃,၁၀၀ ကျော်အတွက် တိုးတက်စေခဲ့သည်။

# မဟာဗျူဟာ လမ်းညွှန်ချက်-၃

## လူသားချင်းစာနာမှုဆိုင်ရာ ကူညီပံ့ပိုးမှု

### HIGHLIGHTS

#### ထိုင်းနိုင်ငံ

- ရိက္ခာ ထောက်ပံ့မှုကို ငွေသားအခြေပြု ကဒ်စနစ် (FCS) သို့ အပြည့်အဝ အသွင်ပြောင်းလဲခဲ့ပြီး၊ အိမ်ထောင်စု ၁၇,၀၀၀ ခန့် အတွက် အပြုသဘော သက်ရောက်မှု ရှိနေသည်။
- စခန်း ၉-ခုအတွက် မက်ထရစ်တန် ၇,၀၀၀ နီးပါးရှိ မီးသွေးများကို ရေရှည်တည်တံ့သောရင်းမြစ်များမှ ရယူ ဖြန့်ဝေခဲ့ သည်။
- စခန်းများအတွင်း ဖြန့်ဝေပြီးနောက် စောင့်ကြည့်မှု (PDM) ကာလတွင် စစ်တမ်းကောက်ယူသည့် အိမ်ထောင်စုများ၏ ပျမ်းမျှ ၉၆% သည် အိမ်ထောင်စုအတွင်း ငတ်မွတ်မှုမရှိ သို့မဟုတ် အနည်းအကျဉ်းသာရှိဟု ဖော်ပြကြသည်။ ၀.၃% (အိမ်ထောင်စု ၁၀ စု) သာ 'အလွန်အမင်း ဆာလောင်မွတ်သိပ်မှု' ရှိသည်။
- စခန်းများအတွင်းရှိ အမိုးအကာ အလုပ်အဖွဲ့များက ရေလွှမ်းမိုးမှုနှင့် မြေပြိုမှု အရေးပေါ်အခြေအနေများတွင် တုံ့ပြန် ဆောင်ရွက်ခဲ့ကြပြီး၊ မီးဘေးသင့် အိမ်ထောင်စု ၁၂၈ စုကို ကူညီပေးခဲ့ကြသည်။

#### မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ

- အီးသုထစခန်းရှိ ပြည်တွင်းဒုက္ခသည် ၂၀၀ ဦး၏ စားနပ်ရိက္ခာ လုံခြုံမှုကို ဖြည့်ဆည်းပံ့ပိုးပေးခဲ့သည်။
- ပဋိပက္ခနှင့် ရေလွှမ်းမိုးမှု သက်ရောက်ခံစားရသော ဝေးလံသည့်ဒေသရှိ လူထု ၂,၈၀၀ ဦးကျော်အတွက် အရေးပေါ် ကယ်ဆယ်ရေး အထောက်အပံ့များကို စည်းရုံးဖြန့်ဝေပေးနိုင်ခဲ့သည်။

# မဟာဗျူဟာ လမ်းညွှန်ချက်-၄

## ကာကွယ်ပေးမှုဆိုင်ရာ

### HIGHLIGHTS

#### ထိုင်းနိုင်ငံ

- ဒုက္ခသည်နှင့် စခန်းကော်မီတီများက လိုက်နာရမည့်ကျင့်ထုံး (Code of Conduct) အပေါ် အခိုင်အမာ ထောက်ခံ ကြပြီး၊ တုံ့ပြန်လိုက်နာမှု အားကောင်းသည်။
- TBC ဝန်ထမ်းများနှင့် ဒုက္ခသည် မိတ်ဖက်အဖွဲ့အစည်းများအကြား လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ ချိုးဖောက်မှု နှင့် ဖိနှိပ်ချိုးနှိမ်မှုများ (PSEAH) အား ကာကွယ်မှုပေးရေးအပေါ် သိရှိမှု တိုးမြင့်လာသည်။ အကျိုးခံစားခွင့်ရှိသူများက တိုင်ကြားမှုများအပေါ် တုံ့ပြန်သည့် ယန္တယားစနစ် (BCRM) ထားရှိသည်။
- တရားဝင် အစည်းအဝေးများနှင့် ဆွေးနွေးပွဲများတွင် ရပ်ရွာလူထုများ ကိုယ်စားပြုမှုနှင့် ပါဝင်မှု အားကောင်းသည်။ ယင်းတို့တွင် အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစု အုပ်စုများ အပါအဝင်ဖြစ် သည်။

### မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ

- လူအခွင့်အရေး ကာကွယ်မှုပေးသူများအကြား ကွန်ရက်ကို အားကောင်းခိုင်မာစေပြီး၊ ရပ်ရွာအခြေပြု ကာကွယ်မှု ပေးရေး မဟာဗျူဟာများကို မြှင့်တင်ပေးသည်။
- ကျား-မကွဲပြားမှုအပေါ် တုံ့ပြန်မှုရှိသည့် အစီအစဉ်ရေးဆွဲမှုများကို အားကောင်းစေ၍ တန်းတူညီမျှမှု မရှိသည့် အခြေအနေ မဖြစ်စေရန် သေချာဆောင်ရွက်ပေးသည်။

# မဟာဗျူဟာ လမ်းညွှန်ချက်-၅

## တာဝန်သိသော ဆုတ်ခွာမှု

## HIGHLIGHTS

### ထိုင်းနိုင်ငံ

- ဒုက္ခသည်ကော်မီတီများနှင့် ရပ်ရွာခေါင်းဆောင်များ၏ အခန်းကဏ္ဍကို အုပ်ချုပ်မှုစနစ်တွင် အားဖြည့်ပေးနိုင် သည်။ တပြိုင်နက်တည်းတွင် လက်ရှိခေါင်းဆောင်များကိုနှင့် လူသားချင်းဆိုင်ရာ ကူညီပေးမှု ချည်းကပ်မှု နည်း လမ်းများတွင် ဆက်လက်၍ အရည်အသွေး ဖြည့်ဆည်းပေးမှု ရှိသည်။
- အစိုးရမဟုတ်သည့် အဖွဲ့အစည်း အန်ဂျီအိုများ၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ သံရုံးများ၊ အလှူရှင်များ၊ ထိုင်းအစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့အကြား နယ်စပ်ရှိ ဒုက္ခသည်များ၏ အခြားရွေးချယ်စရာ အဖြေရှာ ဖွေနိုင်ရန် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု ကြိုးပမ်းမှု ရှိသည်။

### မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ

- TBC မြန်မာနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်း ၁၇-ခုတို့အတွက် နှစ်ရှည် ရန်ပုံငွေ ကတိကဝတ်များ သေချာရရှိထား ပြီး ဖြစ်သည်။
- လူမှုကာကွယ်ပေးရေး စနစ်များကို အားဖြည့်၍ ကယ်ဆယ်ရေးမှသည် ဖွံ့ဖြိုးရေးဆီသို့ ဘောင်အတွင်း လစ်ဟာ ချက်များကို ဖြေရှင်းပေးနိုင်သည်။



# အခန်း- ၄

# TBC မဟာဗျူဟာ ၂၀၂၀-၂၀၂၂

မဲလအုန်းစခန်း
Photo credit: Masaru Goto

TBC အဖွဲ့၏ ၂၀၁၇-၂၀၁၉ လက်ရှိ မဟာဗျူဟာပြီးဆုံးတော့မည်ဖြစ်သည့်အလျောက်၊ TBC အဖွဲ့က မဟာဗျူဟာကို ပြန်လည် ရေးဆွဲရန်အတွက် TBC ၏ ဘုတ်အဖွဲ့နှင့် အဖွဲ့ဝင်များ၊ (ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံရှိ) TBC ၏ မိတ်ဖက်များ၊ ဝန်ထမ်းများ အပါအဝင် အမျိုးမျိုးသော အင်အားစုများထံမှ အကြံပြုချက်များကို ရယူ၍ ပြန်လည်သုံးသပ်ခြင်း လေ့ကျင့်ခန်းကို ဆောင်ရွက်နေ ပါသည်။

လူအမြောက်အများ အိမ်ပြန်ရန် မဖြစ်နိုင်သေးကြောင်း ထင်ရှားသည့်အခြေအနေနှင့် အခြားရွေးချယ်စရာ နည်းလမ်းကို အကောင်အထည် ဖော်ရကောင်းဖော်ရဖွယ် ရှိသည့်အချိန်တွင် TBC နှင့် ယင်း၏မိတ်ဖက်များက လာမည့် ၂-၃ နှစ်တာကာလ အတွင်း သိသာသည့် လူဦးရေလျော့ချမှုကို မျှော်လင့်မထားပါ။ အထွေထွေသော တိုင်ပိုင်အကြံရယူမှုများမှ ထင်သာမြင်သာရှိသည့် အဓိကအချက်များတွင် မသေချာမရေရာသည့် ပြိုကွဲလွယ်သည့် လုံခြုံရေးသဘောသဘာဝ၊ မြန်မာနိုင်ငံ အရှေ့တောင်ဒေသရှိ အိမ် ပြန်ရန်ဖြစ်နိုင်ချေရှိသည့် နေရာများတွင် မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်ပေးမှုများ ကင်းမဲ့နေခြင်း၊ ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်း လုပ်သားများ ဆက်လက်၍ လိုအပ်နေခြင်း၊ ထိုင်းအစိုးရ၏ ဒုက္ခသည်များနှင့်ပတ်သက်၍ သဘောထားပြောင်းလဲလာခြင်း၊ ထို့အပြင် အဖွဲ့အစည်းတခုအနေဖြင့် TBC ၏ ရန်ပုံငွေရင်းမြစ်များ မသေချာမရေရာ ရှိနေခြင်းများ ဖြစ်ပေါ်နေပါသည်။

TBC အဖွဲ့၏ ၂၀၂၀-၂၀၂၂ မဟာဗျူဟာက ရည်ရွယ်ထားသည်မှာ ကာကွယ်မှုပေးရေး၊ တာဝန်ယူတာဝန်ခံမှု သေချာရှိစေရေး နှင့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတွင် ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေတွက်ဆချက်များအပေါ် မူတည်၍ လိုက်လျောညီထွေ ဖြစ်စေရေးပင် ဖြစ်သည်။ ဤမဟာဗျူဟာကို တိုက်တွန်းစည်းရုံးမှုနှင့် အရေးပါသည့် အင်အားစုများကို ထိတွေ့ဆက်ဆံမှုတို့ကို အလေးပေးဆောင်ရွက်သွားမည်။ တာဝန်ယူထားသည်များနှင့် ဆုံးဖြတ်ချက်ချမှတ်သူများအနေဖြင့် ဒုက္ခသည်များ၏ အသံ၊ သူတို့၏ အနာဂတ်အပေါ်အမြင်နှင့် ဒုက္ခသည်များ၏ အခြားရွေးချယ်စရာ နည်းလမ်းများကို ရှာဖွေကြရာ၌ သူတို့၏ အကြံအစည်များကို သေချာနားထောင်သွားမည်။ ဥပမာအားဖြင့် - ထိုင်းနိုင်ငံသို့ လုပ်သားအဖြစ် ယာယီပြောင်းရွှေ့ အခြေချကြရန်ကိစ္စမျိုး ဖြစ်သည်။

ယခု မဟာဗျူဟာကို TBC အဖွဲ့၏ လူ့အခွင့်အရေးအခြေခံသည့် ချည်းကပ်မှုအပေါ် စိတ်ပိုင်းဖြတ်ထားမှု၌ တည်ဆောက်ထားပြီး၊ ရပ်ရွာလူထု ခွန်အားအာဏာ ဖွံ့ဖြိုးစေရေးနှင့် နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာ အာဏာပိုင်များ၏ မိတ်ဖက်ပြုမှုဖြင့်၊ တာဝန်ယူတာဝန်ခံမှု၊ တန်းတူညီမျှမှု၊ အင်အားစုအားလုံး ပါဝင်နိုင်မှု၊ သဘာဝပတ်ဝန်းကျင် ကာကွယ်မှု/ အသိစိတ်ရှိမှုနှင့် "မိမိတို့၏ လုပ်ရပ် ကြောင့် အန္တရာယ်မဖြစ်စေရေး" (Do No Harm) အခြေခံမှုများကို သေချာတက်ကြွစွာကိုင်စွဲ၍ တာဝန်ယူသွားမည် ဖြစ်သည်။

## TBC အဖွဲ့၏ မဟာဗျူဟာမြောက် လမ်းညွှန်ချက် ၄-ခု

**1** **လူ့အခွင့်အရေးများကို မြှင့်တင်ပေးရန် နှင့် ထွက်ပြေးရွှေ့ပြောင်းရသည့် ရပ်ရွာလူထုများထံသို့ (အမျိုးသမီးများ၊ ကလေးငယ်များ၊ အိုမင်းသူများနှင့် ဖျားနာသူနှင့် မသန်စွမ်းသူများကို အလေးပေးမှုနှင့်အတူ) လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးသည်။**

- TBC အဖွဲ့က တန်းတူညီမျှမှုရှိသော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို ထွက်ပြေးရွှေ့ပြောင်းရသည့် ရပ်ရွာလူထုများထံသို့ ပံ့ပိုးပေးရန်ဟူသည့် ၎င်း၏ တာဝန်ကို ဖြည့်ဆည်းပေးသည်။ စားနပ်ရိက္ခာ၊ လောင်စာ၊ အမိုးအကာ ပုံစံများဖြင့် ထောက်ပံ့ပေးသည်။

**2** **အာဟာရ ရရှိမှုကို တိုးတက်စေခြင်း၊ ထုတ်လုပ်နိုင်စွမ်းရှိသော သက်မွေးဝမ်းကျောင်းကိစ္စများ ဖြစ်စေခြင်းဖြင့် စားနပ်ရိက္ခာလုံခြုံမှုကို အားဖြည့်ရန်**

- ရွှေ့ပြောင်းနှင့် ပဋိပက္ခဒဏ်ခံရသော ရပ်ရွာလူထုများသည် ကောင်းမွန်သည့် အာဟာရ ရရှိမှု၊ တကိုယ်ရေကျန်းမာစေသည့် သဘာဝပတ်ဝန်းကျင်၊ စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ချမှတ်လုပ်ကိုင်နိုင်မှုကြောင့် အကျိုးကျေးဇူး ရှိစေသည်။

**3** **ရွှေ့ပြောင်းနှင့် ပဋိပက္ခဒဏ်ခံရသော ရပ်ရွာလူထုများအတွက် ကာကွယ်ပေးမှုရှိသည့် ဝန်းကျင်၊ လုံခြုံသည့် ဂုဏ် သိက္ခာရှိသည့် အနာဂတ်များကို မြှင့်တင်ပေးရန်။**

- ခိုလှုံခွင့်၊ မြန်မာနိုင်ငံသို့ အတင်းအကျပ် မပြန်ရစေရေး အပါအဝင် လူ့အခွင့်အရေးများကို မြှင့်တင်ပေးနိုင်သည်။ ဒုက္ခသည်များ မိမိဆန္ဒအလျောက် အိမ်ပြန်ခွင့်ကို အခြားသောအဖြေများ ရှာဖွေခြင်းနှင့်အတူ မြှင့်တင်ပေး နိုင် သည်။

**4** **တာဝန်ယူ တာဝန်ခံမှု၊ မိတ်ဖက်ပြုမှု နှင့် ဒေသခံတို့၏ ပိုင်ဆိုင်မှုအဖြစ် ခံယူစေရေးဖြင့် တာဝန်သိသော အသွင်ကူး ပြောင်းမှုဖြစ်စေရန် အားဖြည့်ပေးရန်။**

- TBC အဖွဲ့နှင့် မိတ်ဖက်အဖွဲ့များက တာဝန်သိစွာ နှင့် ပွင့်လင်းမြင်သာမှုရှိစွာ အပြောင်းအလဲကို ဒုက္ခသည် ရပ်ရွာလူထုများ၊ အလှူရှင်များ နှင့် အခြားအရေးပါသည့် အင်အားစုများနှင့်အတူ စီမံခန့်ခွဲရန်။